

ဟိန်းလတ်(မြန်မာပြန်)

# ရိုးစင်းသောသစ္စာ

ထိုင်းဝန်ကြီးချုပ်ဟောင်း အဘိဆစ်ဝိဇ္ဇာဇီဝ၏
၂၀၀၉-၂၀၁၀ ထိုင်းနိုင်ငံရေး အကျပ်အတည်းကာလ
ကိုယ်တွေ့မှတ်တမ်း



ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝိဇ္ဇာဇီဝ





ရှပ်နီများ၏ဆန္ဒပြပွဲမြင်ကွင်း



အရေးအခင်းကာလ ဘန်ကောက်မြို့မြင်ကွင်း



အဘီဆစ်ကားကို ဆန္ဒပြသမားများတိုက်ခိုက်ကြပုံ



ဆန္ဒပြသမားများက လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခဲ့ပုံ



ရှပ်နီဆန္ဒပြသမားများ



ရှပ်နီဆန္ဒပြသမားများနှင့် ထိုင်းစစ်တပ်တို့ ရင်ဆိုင်ကြပုံ



ရှပ်နီဆန္ဒပြသမားများ



ဝါးချွန်ခံတပ်အတွင်းမှ ရှပ်နီဆန္ဒပြသမားများ



မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ကြပုံ



ရှပ်နီဆန္ဒပြသမားများ



ရှပ်နီဆန္ဒပြသမားများနှင့် လုံခြုံရေးတပ်ဖွဲ့များ ရင်ဆိုင်ကြပုံ

# ဘဏ္ဍာရေးဝန်ကြီး၏ အမှာ စာ

ခွန်အဘီဆစ်သည် ထိုင်းနိုင်ငံ၏ ၂၇ ဆက်မြောက်ဝန်ကြီးချုပ်ဖြစ်ခဲ့သည် ။ သူတာဝန်ထမ်းဆောင်စဉ် ကျွန်တော်က ဘဏ္ဍာရေးဝန်ကြီး ဖြစ်ခဲ့သည် ကိုလည်း များ စွာ ဂုဏ်ယူဝမ်းမြောက်မိပါသည် ။ သူ ဝန်ကြီးချုပ်ရာထူးတာဝန် ထမ်းဆောင်သော နှစ်နှစ်ခွဲကာလအတွင်း ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုပြဿနာကို အထူးပြုကိုင်တွယ်ခဲ့ရ၏ ။ အဘီဆစ်သည် တကယ်တော့ အစိုးရ၏ စီးပွားရေးပေါ်လစီတွင် တကယ့်စွမ်းဆောင်နိုင်သူ ပါရဂူတစ်ဦး ဖြစ်၏ ။ ထိုင်းနိုင်ငံသမိုင်းတွင် အလွန်ထင်ရှားမှတ်သားလောက်သည့် စီးပွားရေးနာလန်ထူမှု အများ စုကိုသူ ကူညီလုပ်ဆောင်ပေးခဲ့သူ ဖြစ်၏ ။ သို့သော် ပြည်တွင်း ဆူပူမှုကို ငြိမ်ဝပ်အောင် လုပ်ဆောင်ကိုင်တွယ်နေရသည့်အတွက် သူ့လုပ်စရာ ကိုင်စရာအချို့ အင်တိုက်အားတိုက် မလုပ်ဆောင်နိုင်ခဲ့ပါ။

၂၀၁၀ ခုနှစ် ကျွန်တော်တို့ တာဝန်ထမ်းဆောင်စဉ် နောက်ဆုံးနှစ်တွင် ထိုင်းနိုင်ငံ၏ ဂျီဒီပီရာနှုန်းသည် ၇.၈ ရာခိုင်းနှုန်းအထိ တိုးတက်ခဲ့၏ ။ ၁၉၉၅ နောက်ပိုင်းတွင် အလျင်အမြန်ဆုံးတိုးနှုန်း ဖြစ်၏ ။ ၂၀၀၉ ခုနှစ်က အနုတ်လက္ခဏာ ၂.၃၃ ရာခိုင်နှုန်းပြခဲ့သည် မှ ယခုကဲ့သို့ တစ်နှစ်အတွင်း ဦးမော့လာခြင်းမှာ တော်ရုံတန်ရုံ လုပ်ဆောင်မှု မဟုတ်ပါ။

ကျွန်တော်တို့ အစိုးရသည် လူမှုရေးမညီမျှမှုနှင့် ဆင်းရဲမှု

ဒဏ်ခံနေရသော ပြည်သူ ၆ သိန်းကိုလည်း ချေးငွေများ ထုတ်ပေးကာ ဆင်းရဲတွင်းမှ ဆွဲထုတ်နေကြရ၏ ။ ၂၀၁၀ ဧပြီလတွင် မြေနှင့် အဆောက်အဦ အခွန်နှင့်ပတ်သက်၍ ဥပဒေမူကြမ်းကို ချမှတ်နိုင်ခဲ့၏ ။ ဤအခွန်စနစ်မှာ ထိုင်းနိုင်ငံတွင် ပိုမိုမျှတပြီး ပိုမိုထိရောက်သော အခွန်စနစ် ဖြစ်၏ ။ ၂၅ သန်းသော အလုပ်သမားများ အတွက် အငြိမ်းစားလစာခံစားခွင့်ကိုလည်း ကျွန်တော်တို့ လုပ်ဆောင်ပေးနိုင်ခဲ့၏ ။ ကလေးအားလုံး အခမဲ့ ကျောင်းနေခွင့် ရကြ၏ ။ အငြိမ်းစားလစာ မရရှိသော သက်ကြီးရွယ်အိုများ အတွက် ပုံမှန်ငွေကြေးထောက်ပံ့မှုလည်း လုပ်ပေးနိုင်ခဲ့၏ ။ ခွန်အဘီဆစ်သည် လူမှုရေး မတရားမှုနှင့် ဆင်းရဲနွမ်းပါးမှုကို ပါးစပ်မှ သာ တဖွဖွပြောပြီး လက်တွေ့ဘာမှ မလုပ်ဆောင်သူမဟုတ်။ သူက ဆင်းရဲနွမ်းပါးမှုနှင့် မတရားမှုကို ရှေ့တန်းမှ နေ၍ အားနှင့်ခွန်နှင့် တိုက်ပွဲဝင်ခဲ့သူ ဖြစ်၏ ။

တကယ်တော့ ကျွန်တော်တို့ ရင်ဆိုင်နေကြရသော စီးပွားရေး စိန်ခေါ်မှုများမှာ နှယ်နှယ်ရရမဟုတ်။ ၁၉၃၀ နှစ်များက ဆုတ်ကပ်သည် ကမ္ဘာ့အဆိုးဆုံးစီးပွားရေးအကျပ်အတည်း ဖြစ်ခဲ့ရာ ကျွန်တော်တို့ ကိုလည်း သက်သာခွင့်မပေး။ ထိုင်းစီးပွားရေးက ယုတ်လျော့လာကာ ထိုင်းလုပ်သား ထောင်ပေါင်းသောင်းပေါင်းများ စွာသည် အပတ်စဉ် အလုပ်လက်မဲ့ဖြစ်ကြရ၏ ။ စတော့ဈေးကွက်လည်း သုံးမရအောင် ပျက်ခဲ့၏ ။ ထိုင်းလေကြောင်းဌာနကဲ့သို့ ထိပ်တန်းကော်ပိုရေးရှင်းကြီးများ ပင်လျှင် ပြိုလဲတော့မတတ် အခြေအနေရောက်ခဲ့၏ ။ ကျွန်တော်တို့ ရုံးစထိုင်သည့်နေကစ၍ စိန်ခေါ်မှုပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းကြရ၏ ။ ခွန်အဘီဆစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် ဆူသက်တို့ သည် အစိုးရအဖွဲ့ကို ဦးဆောင်ကာ နေ့ရောညပါ ကုန်းရုန်းအလုပ်လုပ်ကြရ၏ ။ သို့သော် လူတွေက သူတို့

ကို အကောင်းမပြောကြ။ ၂၀၁၀ ဧပြီလနှင့် မေလများ ဆိုလျှင် သူတို့ အိမ်မှာ ပင် မနေရဘဲ စစ်တပ်ထဲသွားနေရ၏ ။ မိသားစု တကွဲတပြားနေကြရ၏ ။ မနက်အရုဏ်တက်ထ၊ ညဥ့်နက်မှ အိပ်။ အနားယူသည့်အချိန် လုံးဝမရှိ။ ဆန္ဒပြသမားများက အစိုးရယန္တရားကြီး ရပ်တန့်သွားသည် အထိ ဖိအားပေးကြ၏ ။ ဆန္ဒပြပွဲတွေက ရက်လရှည်ကြာစွာ။ လမ်းတွေ ပိတ်ဆို့။ အကြမ်းဖက်မှုတွေ တစ်နေ့တခြား များ လာ။ သို့သော် အဘိဆစ်ကတော့ အမြဲတမ်းပင် ညှိနှိုင်းဆွေးနွေးရန် လက်ကမ်းခဲ့၏ ။ သူ့ဘက်က လက်ကမ်းပေးသော်လည်း တစ်ဖက်ကလက်ကို ပုတ်ချခဲ့သည် ။

ဤအရေးအခင်းကို ကြည့်လိုက်လျှင် သာမန်လူထုအုံကြွမှု မဟုတ်။ အာဏာကို ရယူဆုပ်ကိုင်ရေးအတွက် မဟာဗျူဟာ သေသေချာချာ ချမှတ်ဆောင်ရွက်နေခြင်းသာ ဖြစ်၏ ။ တစ်ဖက်က ရည်ရွယ်ချက်ရှိရှိနှင့် အတင်းဝင်တိုး၏ ။ အစိုးရဘက်က ပါးနပ်လိမ္မာစွာ ရှောင်တိမ်း၏ ။ ၂၀၀၉ ဧပြီလတွင် ရှပ်နီတို့ က ပတ္တရားတွင် ပြုလုပ်သာ အာဆီယံ ထိပ်သီးအစည်းအဝေးကို ဖျက်ဆီးခဲ့၏ ။ သို့သော် သူတို့ ရည်ရွယ်ချက်မအောင်မြင်။ အဘယ်ကြောင့် ဆိုသော် အ သေ အ ပျော က် မ ရှိ ၍ ဖြစ်၏ ။ ထိုင်းနိုင်ငံရေးတွင် ပထမဆုံးပစ်ခတ်မိသူက အရှုံးပင်ဖြစ်တတ်၏ ။ ၂၀၁၀ တွင် တပ်မတော်မှ မပစ်ပစ်အောင် သူတို့ က အကြမ်းဖက်မှုများ ဖန်တီး၏ ။ ဆန္ဒပြသမားများကို ဓားစာခံခိုင်း၊ အသေခိုင်း၏ ။ လူတွေ သေလျှင် အစိုးရရှုံးပြီ။ ထိုသို့ဖြစ်ရန် စစ်တပ်က ကျည်ဆန်အစစ်များ သုံး ရမည်။ စစ်တပ်က ကျည်ဆန်အစစ်သုံးရန်ကလည်း သူ့ကို ကျည်ဆန်အစစ်တွေနှင့် စတိုက်ဖို့ လို၏ ။

ထိုင်းတွင် ဖြစ်ပွားသောပုံစံမျိုး လန်ဒန်တွင် ဖြစ်ကြည့်ပါလား၊

တခြားနိုင်ငံတွေမှာ ကော ထိုင်းနိုင်ငံလောက် သည်းခံနိုင်စွမ်း ရှိပါသလား။

လန်ဒန်တွင် ဆန္ဒပြလူအုပ်ကြီးက လူပေါင်းသုံးသောင်းကျော်၏ ။ တစ်ခါတစ်ခါ ထို့ထက်ပင် ပိုသေး၏ ။ အများ စုက လက်နက်တွေ ကိုင်ဆောင်ထားကြ၏ ။ လမ်းတွေပိတ်ဆို့ထားသည် မှာ နှစ်လကျော်ကြာ၏ ။ လူပေါင်း ၆၅၀၀၀ ၏ အလုပ်တွေ ထိခိုက်နစ်နာကုန်၏ ။ လူအုပ်ကြီးက လွှတ်တော်သို့ ချီတက်ကြ၏ ။ ဝန်ကြီးချုပ်နေထိုင်ရာ နံပါတ် ၁၀ ဒေါင်းနင်းလမ်းနေအိမ်သို့ သွားကြ၏ ။ မစင်တွေနှင့် ပစ်ပေါက်၏ ။ ဝန်ကြီးချုပ်ကို သတ်မည်ဟု ခြိမ်းခြောက်ကြ၏ ။

အာဏာပိုင်များကို အမ် ၇၉ ဒုံးကျည်ဖြင့် ပစ်ခတ်၏ ။ လက်ပစ်ဗုံးတွေနှင့် လူစုထဲပစ်၏ ။ လက်ဖြောင့်တပ်သားများက လေဆာဖြင့် တွက်ချက်ကြည့်ရှုကာ အရာရှိတွေကို ပစ်ခတ်၏ ။ လန်ဒန် လျှပ်စစ် ဓာတ်အားလိုင်း ဖြတ်တောက်ဖို့ ကြိုးစား၏ ။ သူတို့ က လွှတ်တော်ဖျက်သိမ်းပေးဖို့ တောင်းဆို၏ ။ ဤအချက်များ သည် လန်ဒန်တွင် တကယ်ဖြစ်ပျက်ခဲ့သည့်မဟုတ်။ သို့သော် ဘန်ကောက်တွင် ကား တကယ်ဖြစ်ခဲ့၏ ။

ဤသည် ကို ထိုင်းအစိုးရက မည်မျှထိ လက်ပိုက်ကြည့်လို့ ရမှာ လဲ။ ထိပ်တိုက်ဖြေရှင်းတော့ မိမိဘက်နှင့် ဆန္ဒပြသမားဖက် နှစ်ဘက် စုစုပေါင်း ၉၀ နီးပါး သေကျေခဲ့၏ ။ အပျက်အစီးတွေ ရှိခဲ့၏ ။ ဤတွင် ထိုဆန္ဒပြပွဲများအား နောက်ကွယ်မှ ကြိုးကိုင်သူအနေနှင့် ဘာတွေများ အမြတ်ရခဲ့ပါသလဲ။

* * *

'မတ်' နှင့် ကျွန်တော် မိတ်ဆွေဖြစ်ခဲ့တာ ၂၅ နှစ်ကြာပြီ။ လွန်ခဲ့သော ၈ နှစ်ကမှ သူက ကျွန်တော့်ဆရာဖြစ်လာ၏ ။ ခွန်အဘီဆစ်သည် ကျွန်တော်တို့ သူငယ်ချင်းအုပ်စုတွင် ဉာဏ်အထက်မြက်ဆုံး ဖြစ်၏ ။ သူက စည်းစနစ်လည်း ရှိ၏ ။ ဒီမိုကရေစီကိုလည်း နှစ်နှစ်ကာကာ ယုံကြည်သူဖြစ်သည် ။ ရိုးသားဖြောင့်မတ်ပြီး တရားမျှတမှုရှိသူလည်း ဖြစ်သည် ။ ဝန်ကြီးချုပ်အနေနှင့် သူ့လက်အောက်မှ အစိုးရဝန်ထမ်းများ ၏ မတရားပြုလုပ်မှုကို ကျောသားရင်သားမခွဲ အရေးယူ၏ ။ လူထု၏ အခွင့်အရေးကို သူ ကြိုးစားဖော်ထုတ်ပေး၏ ။ သူ နေရာတကာကိုတော့ မရောက်နိုင်။ သို့သော်သူက ဘာစာကိုမဆိုဖတ်၏ ။ ခွန်အဘီဆစ်လောက် ဝန်ကြီးအဖွဲ့အစည်းအဝေးတက်ရာတွင် ကြိုတင်ပြင်ဆင်မှုများများ လုပ်သော ဝန်ကြီးချုပ် တစ်ယောက်မှ မရှိ။ ကုန်ကုန်ပြောရလျှင် သူက ဘဏ္ဍာရေးနှင့်ပတ်သက်၍ ကျွန်တော် ဘဏ္ဍာရေးဝန်ကြီးထက်ပင် ပိုပြီး နှံ့စပ်ပိုင်နိုင်၏ ။

ဒီမိုကရက်ပါတီတွင် ခွန်အဘီဆစ်ကို ချစ်ကြ၏ ။ ရိုသေကြ၏ ။ သို့သော် မကြောက်ကြ။ အချို့လူတွေက ဤအချက်ကို ပျော့ကွက်ဟု ထင်၏ ။ ကျွန်တော်ကတော့ ထိုသို့မထင်ပါ။ တချို့က သူ့ကို ပြောင်းပေးဖို့ ကြံစည်ကြ၏ ။ မည်သူကမှ တော့ လုံးဝဥဿုံပြည့်စုံသည် မရှိ။ သို့သော် သူ့လိုအရည်အချင်းမျိုး (သူ့လိုရုပ်ချောချောမျိုး) နိုင်ငံရေးခေါင်းဆောင် ရဖို့ ရာ ထိုင်းနိုင်ငံတွင် ရှား၏ ။ အဘီဆစ်ကို လူမျိုး သံမဏိစိတ်ဓာတ် ပိုင်ရှင်သာ မရှိလျှင် ယခင် ဝန်ကြီးချုပ်ဟောင်း၊ ရာဇဝတ်ကောင် သက်ဆင်ရှင်နာဝါထရာသည် အပြစ်ဒဏ် လုံးဝကင်းစင်စွာဖြင့် ထိုင်းနိုင်ငံသို့ ပြန်ရောက်နေသည် မှာ

ကြာပြီ။

လွန်ခဲ့သောအပတ်က ကျွန်တော် သူနှင့် လန်ဒန်က ဘီဘီစီစတူဒီယိုတွင် တွေ့၏ ။ သူ့ကို လူသတ်ကောင်အဖြစ် စွပ်စွဲမှုများကို စိတ်ရှည်လက်ရှည် သူက ပြန်ရှင်းပြနေ၏ ။ သက်သေအထောက်အထား ခိုင်လုံလျှင် သူသေဒဏ်အကျခံမည်ဟု ရဲရဲဝံ့ဝံ့စိန်ခေါ်ခဲ့၏ ။ အဘီဆစ်က ခိုင်မသောဒီမိုကရက်တစ် လူမှုအသိုင်းအဝိုင်းကောင်းကို တည်ဆောက်ရန် အရေးကြီးကြောင်း မီးမောင်းထိုးပြောပြနေ၏ ။ သူကမူ တကယ်လည်း ယုံယုံကြည်ကြည်နှင့် လုပ်ဆောင်ပြမည့်သူ ဖြစ်၏ ။

ထို့ကြောင့်ပင် ကျွန်တော်က မတ်ကို မိတ်ဆွေအနေနှင့် ဂုဏ်ယူ၏ ။ တိတိပပ ပိုပြီးပြောရလျှင် အဘီဆစ်သည် ကျွန်တော်၏ ခေါင်းဆောင်၊ ကျွန်တော်၏ ဆရာပင်ဖြစ်သည် ဟု ဆိုရမည်။

ကွန်ချက်တီကာဗန်နီဂျီ

ဇန်နဝါရီ ၂၀၁၃

* * *

# နိဒါန်းစကား

ကျွန်တော်သည် အစိုးရအဖွဲ့တွင် လည်းကောင်း၊ အတိုက်အခံအနေဖြင့်လည်းကောင်း၊ နိုင်ငံရေးနယ်ပယ်တွင် နှစ်နှစ်ဆယ်လုံး ကျင်လည်ခဲ့ရာ၌ ကျွန်တော့်ဘာသာ သာမက ပြည်သူအတွက်ပါ အမြဲပင် သစ္စာစောင့်သိခဲ့ပါသည် ။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ဝန်ကြီးချုပ်ရာထူး မထမ်းဆောင်မီလေးတွင် ကျွန်တော် ပြောခဲ့ဖူးသည် ။

"ရှေ့ဆက်ပြီး ဘာတွေပဲဖြစ်နေဖြစ်နေ ဒါက ကျွန်တော့်နိုင်ငံရေးဘဝရဲ့ နောက်ဆုံးအဆင့်ကို ရောက်လာတယ်ပဲ ဆိုရမယ်"

တကယ်လည်း မှန်ကန်ခဲ့ပါသည် ။

ဝန်ကြီးချုပ်အဖြစ်မှ ဆင်းလာခဲ့ပြီးနောက် တစ်နှစ်အကြာတွင် ကျွန်တော်၏နိုင်ငံရေးလုပ်ဆောင်မှုမှာ အဆုံးသတ်မှုနှင့် ပိုမိုနီးကပ်လာခဲ့၏ ။ ကျွန်တော် နောက်ထပ် ဘယ်လောက်ကြာကြာ ဒီကမ္ဘာမြေပြင်ပေါ်တွင် အသက်ရှင်နေရစ်နိုင်ဦးမှာ လဲ။ မည်သူမျှ မသိနိုင်ကြပါ။

ကျွန်တော်သည် ဝန်ကြီးချုပ်အနေဖြင့် နှစ်နှစ်ကျော်ကြာနိုင်ငံအတွက် တာဝန်ထမ်းဆောင်နိုင်ခဲ့သည် ကို

ဂုဏ်ယူမိ၏ ။ ထိုအချိန်ကာလသည် ကျွန်တော်တို့ နိုင်ငံသမိုင်းတွင် အဆိုးဝါးဆုံး အကျပ်အတည်း ကာလများ ထဲမှ တစ်ချိန် ဖြစ်၏ ။ ကျွ န် တော် ၏ နှစ်နှစ်ဆယ်နိုင်ငံရေးဘဝတွင် အခက်ခဲဆုံးဖြတ်သန်းရသည့် နှစ်နှစ်တာကာလလည်း ဖြစ်၏ ။ ထိုနှစ်များ သည် -

အကြီးမားဆုံး တာဝန်ခံရမှု

အလေးလံဆုံး ဖိအား

အဆုံးစွန်သော ရုပ်ပိုင်းဆိုင်ရာခြိမ်းခြောက်မှုများ

အထူးသဖြင့် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပတ်သက်၍ အပျက်စီးဆုံး သွားပုပ်လေလွင့် အပြောခံရမှုများ -

-ခံခဲ့ရသော နှစ်များ ပင် ဖြစ်၏ ။

ထိုအချိန်မှ စ၍ ကျွန်တော်တို့ သည် လိမ်ညာမှုမျိုးစုံကို ကြားခဲ့ကြရ၏ ။ ယခု ကျွန်တော် သစ္စာအမှန်တရားကို ပြောခွင့်တောင်းလိုက်ပါပြီ။

ရိုးစင်းသော သစ္စာ

အလွန်အလေးအနက်ထားသော သစ္စာ

မယိမ်းယိုင်သော သစ္စာ။

အဘိဆစ် ဝိဇ္ဇာဇီဝ

စက်တင်ဘာ ၂၀၁၂

* * *

အမှန်တရားက အသက်ရှူဖို့ အခွင့်အရေး မပေါ်လာခင်
မုသားက ကမ္ဘာတစ်ဖက်ကို ပတ်နှင့်ပြီးပြီ။

ဝင်စတန်ချာချီ

* * *



၁၃-၃-၂၀၁၀နေ့က ဝန်ကြီးချုပ်အဘီဆစ်အစိုးရအိမ်တော်ဝင်းတွင်
လက်ကိုင်ဖုန်းဖြင့် စကားပြောနေစဉ်

# အိပ်မပျော်သောညများ နှင့် ညဘက်လာသော ဖုန်းများ

အမှတ်(၁၁) ခြေလျင်တပ်ရင်းအတွင်းရှိ ဝန်ကြီးချုပ်အိမ်အိပ်ခန်းထဲတွင် ။

ညသန်းခေါင်တွင် ခုတင်ဘေးစားပွဲပေါ်မှ မိုဘိုင်းဖုန်းက ထမြည်လာ၏ ။ ကျွန်တော် နိုးလာကာ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်၏ ။ မနက် ၃ နာရီကျော်ကျော်။ ကျွန်တော်အိပ်ပျော်သွားတာ တစ်နာရီမျှပင် မကြာသေး။ အခြေအနေက အန္တရာယ်နဲ့ရနေ၏ ။ အန္တရာယ်ရှိသောနယ်မြေများ တွင် ညနှောင်းပိုင်း၌ အချိန်နှင့်တစ်ပြေးညီတစ်ခုခု ဖြစ်တတ်၏ ။

တစ်ဖက်မှ အမည်မသိသူ၏ ဖုန်းကို ကောက်ကိုင်ကာ “ဟဲလို” ဟု ကျွန်တော်က စပြောလိုက်၏ ။

“ဝန်ကြီးချုပ် အဘီဆစ်ပါလား”

“ဟုတ်ပါတယ် ခင်ဗျာ”

“ဩော်…ကျွန်မလည်း သိပ်စိုးရိမ်နေလို့ ပါ။ အိပ်လို့ တောင် မရဘူး။ အခြေအနေတွေက ဘယ်လိုဖြစ်တာလဲ။ ဝန်ကြီးချုပ်အတွက်လည်း ကျွန်မစိတ်ပူနေတာ။ ဒါနဲ့ ဝန်ကြီးချုပ်ဖုန်းနံပါတ် ရှာတွေ့တော့ ကျွန်မလည်း လှမ်းဆက်လိုက်တာ”

ထိုနောက် သူက ပြောချင်တာတွေ လျှောက်ပြောလိုက်တာ ဆက်တိုက်။

“ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျေးဇူးအများကြီးတင်ပါတယ်ဗျ”

နောက်ဆုံးတော့ သူ ဖုန်းချသွားမှ ကျွန်တော်လည်း ပြန်အိပ်ရသည် ။ ထိုကဲ့သို့သောဖုန်းမျိုး မကြာခဏ လာတတ်သည် ။ ၂၀၁၀ အဓိကရုဏ်းကာလတွင် နိုင်ငံရေးအခြေအနေအရ တစ်နိုင်ငံလုံးမှ ပြည်သူများ မအိပ်နိုင်ကြ။ လူအများ အပြားက ကျွန်တော့်အတွက် စိတ်ပူကြကြောင်း ဖုန်းဆက်ပြောကြ၏ ။ အချို့ကမူ အဆုံးအဖြတ်လုပ်ရှားမှုတွေ ထပ်မလုပ်မိဖို့ ကျွန်တော့်ကို စေတနာကောင်းနှင့် သတိပေးကြ၏ ။ အချို့ကလည်း ကျွန်တော့်အား ပျစ်ပျစ်နှစ်နှစ် ဆဲ၏ ။ ပေါ်ပေါ်တင်တင်ပင် ခြိမ်းခြောက်ကြ၏ ။

သို့သော် အကြမ်းဖက်မှုများ သည် ညဘက်တွင် ဖြစ်လေ့ဖြစ်ထရှိကြရာ ကျွန်တော်က ဖုန်းကို ပိတ်ထား၍ မရ။ ကျွန်တော်မနက် ၁ နာရီလောက်ကျမှ အိပ်လေ့ရှိပြီး မနက် ၅ နာရီဆိုလျှင် အိပ်ရာမှ ထပြီ။ ထိုအိပ်ပျော်နေစဉ် ခဏလေးအတွင်း နံနက် ၂ နာရီနှင့် ၃ နာရီကြား၌ ဖုန်းတွေလာတတ်သေးသည် ။ အရေးပေါ်အခြေအနေ ဘာများ ဖြစ်ပြီလဲဆိုကာ ကျွန်တော်ကလည်း ဖုန်းကို ပိတ်မထားရဲ။

ကျွန်တော့်လက်ထောက်တစ်ဦးဦးကို ကျွန်တော့်ဖုန်းပေးထားလိုက်ပါလားဟု တစ်စုံတစ်ဦးက ကျွန်တော့်ကို အကြံပေးဖူးသည် ။ ကိုယ့် ထံလာသောဖုန်းကို ကိုယ်ကိုယ်တိုင်ကောက်ကိုင်ရမှ ကျေနပ်သူမို့ ထိုအကြံအစည် မအောင်မြင်။

* * *



၆-၈-၂၀၁၁ အစိုးရရုံးနောက်ဆုံးနေ့တွင်
သတင်းထောက်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်

## သက်ဆင် မထိန်းချုပ်နိုင်သော ဝန်ကြီးချုပ်

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် လွှတ်တော်မှ ကျွန်တော့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ကြ၏။

ထို ပထမဆုံးနေ့တွင် ပင် ဒေါသထွက်နေကြသော ရှပ်နီဟု ခေါ်သူ

ကန့်ကွက်ဆန္ဒပြသူများက လွှတ်တော်အဆောက်အဦရှေ့တွင် ကျွန်တော့်ကို ကြိုဆိုကြ၏ ။ ဝန်ကြီးချုပ်အနေဖြင့် ပထမဆုံးကြုံတွေ့ရသော စိန်ခေါ်မှုကား လွှတ်တော်မှ နေ၍ ဘေးကင်းရန်ကင်း ထွက်ရမည့်ထွက်ပေါက်ကို ရှာရခြင်းပင် ဖြစ်၏ ။

ဒေါသပုန်ထနေကြသော ဆန္ဒပြသမားများက လွှတ်တော်ပတ်ပတ်လည်တွင် စုပြုံနေကြ၏ ။ ကျွန်တော့်ကို ဆန္ဒမဲပေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များ စီးလာသော ကားများအားလုံးသည် မိုးပျံခဲလုံးများ ၏ ပစ်မှတ်များ ဖြစ်နေကြ၏ ။ ပြတင်းပေါက်တွေ ကွဲကြေကုန်၏ ။ ခေါင်းတွေ တော်တော်များများ ပေါက်ကွဲကုန်ကြ၏ ။ ဓာတ်ဆီတွေလောင်း၊ မီးတွေရှို့ကြ။

ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ခွန်သက်ထိုင်းဆီနာပွန်၏ ကားနှင့် ကမန်းကတန်းထွက်ရ၏ ။ ဤသို့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည် မှန် မမှန်တော့ မသေချာလှကြောင်း နောင်မှ ကျွန်တော် ပြန်သိရသည် ။ သို့သော် ဘာပဲဖြစ်ဖြစ် အပြင်သို့ကားရောက်ခဲ့၏ ။

နောက် ရက်အနည်းငယ်ကြာသောအခါ ကျွန်တော်တို့ အစိုးရ၏ ပေါ်လစီကို လွှတ်တော်သို့ကြေညာရန် ရှိ၏ ။ ထိုအချိန်တွင် ရှပ်နီတို့ ပြန်ရောက်လာကြပြန်၏ ။ သူတို့ က အနှောင့်အယှက် ပေးကြသဖြင့် သူတို့ နှင့် ထိပ်တိုက်တွေ့ခြင်းကို ရှောင်ရန်၊ အကြမ်းဖက်မှုများ မဖြစ်ပွားစေရန်၊ ကျွန်တော်တို့ က အစည်းအဝေးကို နိုင်ငံခြားရေး ဝန်ကြီးရုံးတွင် ရွှေ့ပြောင်းကျင်းပခဲ့၏ ။

ကျွန်တော် ပထမဆုံးရုံးထိုင်သော ၂၀၀၈ ဒီဇင်ဘာမှ ၂၀၀၉ မတ်လအထိ ကျွန်တော် နိုင်ငံအနှံ့လှည့်လည်တာဝန်ထမ်းဆောင်ရာတွင် ရှပ်နီတို့ ၏

တားဆီးပိတ်ဆို့မှုများ ထိပ်တိုက်ရင်ဆိုင်မှုများ နှင့် ရင်ဆိုင်ရသည် ချည်းပင် ဖြစ်၏ ။ တစ်နေရာရာမှ တစ်စုံတစ်ဦးက ဤသို့ဖြစ်စေရန် ကြိုးကိုင်ညွှန်ကြားနေကြောင်း သိသာထင်ရှား၏ ။

ကျွ န် တော် ၏ ဝန်ကြီးချုပ်ရာထူးထမ်းဆောင်ရခြင်းသည် ခွန်ဆာမတ်ဆွန်ဒါရာဇေ့ဂျ် သို့မဟုတ် ခွန်ဆွမ်ချိုင်းဝမ်ဆာဝတ်နှင့်လည်းကောင်း ကွဲပြားခြားနားလှပါသည် ။ ကျွန်တော်တို့ အားလုံးပင် တစ်သဝေမတိမ်း နည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံကြရသော်လည်း လုပ်ဆောင်ရမှုများ တွင်ကား မတူညီလှပါ။

ကျွန်တော်သည် မစ္စတာ ခူရစ်ပရာမော့ဂျ်နှင့်လည်း မတူပါ။ သူ့ကို လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးမျှကသာ ဝန်ကြီးချုပ် အဖြစ် ရွေးချယ်ကာ ညွှန့်ပေါင်းအစိုးရ ဖွဲ့စေခဲ့ခြင်း ဖြစ်၏ ။

ကျွန်တော်၏ ပြိုင်ဘက် ရဲချုပ် ပရာချာဝရွမ်နောက်နှင့်လည်း မတူပါ။ သူက ပါတီငယ်လေးမှ ခေါင်းဆောင်မျှသာ ဖြစ်၏ ။ သို့သော် သူက ကျွန်တော့်ထက်ပိုပြီး တရားဝင်နေသလိုဖြစ်နေ၏ ။

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ကျွန်တော့်ကို ထောက်ခံမဲပေးခဲ့ကြသည့် ဆန္ဒမဲများက ပွင့်လင်း၏ ။ ဖွဲ့စည်းအုပ်ချုပ်ခံဥပဒေနှင့် ကိုက်ညီ၏ ။ ထိုသူတို့ ကို အ တ င်း ဖိ အား ပေး ၍ မဲပေးခိုင်းသည် ဟု ဆိုစေဦးတော့ ၂၀၁၁ အထိကော သူတို့ နှစ်စဉ် ဘာကြောင့် ကျွန်တော့်ကိုသာ ဆက်မဲပေးနေကြတာလဲ။

အကြောင်းပြချက်က တစ်ခုသာရှိ၏ ။ ကျွန်တော်သည် ခွန်သက်ဆင် ထိန်းလည်း မထိန်းနိုင်၊ ထိန်းလည်း မထိန်းခဲ့သော ၂၀၀၇

ခုနှစ်နှောင်းပိုင်း ဝန်ကြီးချုပ်တစ်ဦးဖြစ်နေ၍ သာပင်ဖြစ်ကြောင်း ထင်ရှားပါသည်။

* * *



အဘီဆစ်ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ်အဖြစ် ရွေးကောက်ပွဲ ဆန္ဒမဲအနိုင်ရခဲ့ပြီး
လွှတ်တော်ရှေ့တွင် ဆန္ဒပြသူများနှင့်ရဲတို့ ထိပ်တိုက်တွေ့ဆုံကြပုံ




၁၅-၁၂-၂၀၀၈ တွင် အတိုက်အခံပါတီခေါင်းဆောင်
အဘီဆစ်ကားကို ဆန္ဒပြသမားများတိုက်ခိုက်ကြပုံ

# အလုပ်နှင့်ဆိုင်သောအန္တရာယ်

အကြမ်းဖက်မှုများက မျိုးစုံ။ မိုးပျံအုတ်ခဲများ သည် မိုလိုတော့ဖ်လက်ဗုံးအထိ။ ကျွန်တော် ဝန်ကြီးချုပ်စဖြစ်သောနေ့မှ စခဲ့သည့် ရန်လိုသောကြိုးဆိုမှုများကို ရခဲ့သည် ။ ကျွန်တော် နယ်မြေအနှံ့တာဝန်ထမ်းဆောင်ရသောအခါ နေရာတကာတွင် အန္တရာယ်များကို ရင်ဆိုင်ခဲ့ရ၏ ။ အချို့နေရာများ တွင် အကြမ်းဖက်မှုများ ဖြစ်ပွားရင်း လူ ၂၀ မှ ၃၀ ထိပင် သေကြေပျက်စီးခဲ့ရတာ တွေ ရှိ၏ ။

ကျွန်တော် စွန့်စွန့်စားစား သတိထားပြီး လုပ်ဆောင်နေရ၏ ။ သို့သော် တစ်ချိန်ထဲမှာ ပင် ကျွန်တော်သည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေသူ ဟူသည့်အချက်ကို သတိမလွတ်ဘဲ နေနေရ၏ ။ အန္တရာယ်လွတ်အောင်ရှောင်ရတာ ထက် နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းကို လွတ်အောင်လုပ်ဖို့ က ပိုအရေးကြီး၏ ။ ခြိမ်းခြောက်မှုများကြောင့် နောက်တွန့်နေ၍ မရ။

ထို့ကြောင့် ကျွန်တော့်လုံခြုံရေးကို လုံခြုံရေးတပ်ဖွဲ့လက်ကိုသာ ဝကွက်အပ်ထားလိုက်ရ၏ ။ သူတို့ ပြောတာ ကျွန်တော် လိုက်နာ၏ ။ ဂရုစိုက်၏ ။ သို့သော် ကျွန်တော့်ဘာသာကျွန်တော် သတိတစ်ခု ကပ်ထား၏ ။ ကျွန်တော့်ဆောင်ပုဒ်နှင့်အညီ ပိုအရေးကြီးသောအလုပ်များကို မဆုတ်မနစ် လုပ်ကိုလုပ်ကြရမည်။

ကျွန်တော် ဝန်ကြီးဘဝတုန်းက ခရီးသွားလျှင် မည်သည့်အခါမှ အစောင့်အရှောက် ကိုယ်ရံတော်မပါ။ ကျွန်တော်က မည်သူ့အပေါ်မှ

မကောင်းကြံချင်သူမဟုတ်သဖြင့် ကျွန်တော့်ကို မကောင်းကြံမည့်သူ မရှိဟု ခံယူထား၏ ။

သို့သော် ကျွန်တော် ဝန်ကြီးချုပ်ဖြစ်လာသောအခါ အစောင့်အကြပ်မပါ၍ မဖြစ်တော့။ ယာဉ်တန်းနှင့်မသွား၍ မရတော့။ ထိုသို့ သွားရသည် မှာ ကျွန်တော့်အဖို့ သက်သောင့်သက်သာကား မရှိလှ။ သို့သော် အစိုးရအဖွဲ့ခေါင်းဆောင်တစ်ဦးအနေဖြင့် နိုင်ငံရေး မတည်ငြိမ်မှုရှိသည့်ကာလတွင် ကျွန်တော့်အသက်ကို လုံခြုံရေးအဖွဲ့လက်ထဲအပ်ထားတာက ပိုကောင်းမည်ဟု ယူဆထားရ၏ ။ သို့သော် အနည်းဆုံးလိုအပ်ချက်မျှလောက်ဖြင့်သာ လုံခြုံရေးယူထားပါဟု ကား တောင်းပန်ထားပါသည် ။

* * *